ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ် ( ၄ /၂၀၂၀)
၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် (၁၁)ရက်
(၂၀၂၀ ခုနှစ် ဧပြီလ ၂၈ ရက်)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ Coronavirus Disease 2019 (COVID-19) အား ကမ္ဘာ့ကပ်ရောဂါတစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ရာ COVID-19 ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးတို့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တားမြစ်ပိတ်ပင်သည့်အမိန့် (Curfew) ကို ထုတ်ပြန်လိုက်သည်။

၂။ COVID-19 ရောဂါနှင့်ပတ်သက်၍ WHO ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအရ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သဖြင့် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းမှာ မိမိအိမ်တွင် နေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦးထိတွေ့မှုမရှိရန် လိုအပ်ပါသည်။ မဖြစ်မနေ အပြင်သို့သွားရောက်သည့်အခါတိုင်း နှာခေါင်းစည်း (Mask) များ တပ်ဆင်၍ သွားရောက်ရန်ဖြစ်ပါသည်။

၃။ ၎င်းအပြင် ကရင်ပြည်နယ် နယ်စပ်မြို့ဖြစ်သော မြဝတီခရိုင်၊ မြဝတီမြို့နယ်တွင် ပြည်ပအဝင်/အထွက်များပြားခြင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများရှိခြင်းတို့ကြောင့် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် (၁၈-၄-၂၀၂၀)ရက်နေ့မှစ၍ အမိန့်တစ်စုံတစ်ရာထပ်မံထုတ်ပြန်မှုမရှိမချင်း နေ့စဉ် အောက်ဖော်ပြပါ စည်းကမ်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည် -

(က) မည်သူမဆို လိုလောက်သောအကြောင်းပြချက်မရှိဘဲ နေ့စဉ်ည (၁၀)နာရီအချိန်မှ နံနက်(၄)နာရီ အချိန်အထိ ပြင်ပသို့ လုံးဝ(လုံးဝ) ထွက်ခွာခြင်းမပြုရန်၊

(ခ) ကုန်စည်စီးဆင်းမှုအတွက် သွားရောက်နေရသည့် ယာဉ်/လူ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ စိစစ်ခွင့်ပြုချက်ဖြင့် သတ်မှတ်နေရာများ၌ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန်၊

(ဂ) ပြည်သူများအနေဖြင့် နေ့ခင်းဘက်တွင်လည်း မဖြစ်မနေပြင်ပသို့ သွားလာရန်ကိစ္စရှိပါက အိမ်ထောင်စုတစ်စုလျှင် လူတစ်ဦးတည်းသာ ထွက်ရန်နှင့် Mask မတပ်ဘဲ အိမ်အပြင်သို့ ထွက်ခွာခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်၊

(ဃ) ဈေးအသီးသီးရှိ ဈေးရောင်း၊ ဈေးဝယ်၊ ဈေးလုပ်သားများနှင့် ပြည်သူများအားလုံး Mask များ တပ်ဆင်ပြီးမှသာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်၊

၄။ သို့ဖြစ်ပါ၍ အပိုဒ်(၃)ပါ စည်းကမ်းချက်များမှာ အများပြည်သူအကျိုးအတွက် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သဖြင့် တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

ပြည်နယ်ဝန်ကြီးချုပ်

စာအမှတ်၊ ၂၀၀ / ၆ - ၁ / ဦး ၆ ( ၃၄၀၃ )
ရက် စွဲ ၊ ၂၀၂၀ ခုနှစ် ဧပြီလ ၂၈ ရက်

ဖြန့်ဝေခြင်း
အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီမြို့
အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီမြို့

မိတ္တူကို

ပြည်နယ်တရားလွှတ်တော်ရုံး၊ ဘားအံမြို့
ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ(အားလုံး)
ပြည်နယ်ဥပဒေချုပ်ရုံး၊ ဘားအံမြို့
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့
ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဘားအံမြို့
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့
ပြည်နယ်အကောက်ခွန်ဦးစီးဌာန၊ ဘားအံမြို့
ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီမြို့
လက်ခံစာတွဲ

အမိန့်အရ

ကျော်စိုး
အတွင်းရေးမှူး